မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing**
**Income Restoration Program in Myanmar**

## ကားမောင်းသင်တန်းထောက်ပံ့ခြင်း အစီအစဉ် (၂၀၁၅ အောက်တိုဘာ ၆ ရက်)



ကားမောင်းသင်တန်း ထောက်ပံ့မှု အစီအစဉ် အနေဖြင့် ပြန်လည်နေရာချထားရေး နေရာမှ ကားမောင်းသင်တန်း တက်ရောက်ရန် စိတ်ဝင်စားသူ ၆ ဦး အား အောက်တိုဘာလ ၆ ရက်နေ့ တွင် သင်တန်းအပ်ပေးခဲ့ပါသည်။ ယခုလက်ရှိ သင်တန်းတက်ရောက်နေသူ ၆ ဦး အနက် ၂ ဦးမှာ လိုင်စင် ရရှိသွားပြီ ဖြစ်ပါသည်။ သင်တန်းသားများသည် သင်တန်းပြီးစီးပါက SEZ အတွင်းတွင် ကားမောင်းခြင်း အလုပ်ကို လုပ်ကိုင်ရန် စိတ်အားထက်သန်လျှက်ရှိပါသည်။

## Providing Car Driving Training (6 October 2015)




Car driving Training was started on October 6th 2015. 6 people from relocation site attended car driving training course and two of the trainees already got the license. The people who are attending the car driving training would like to get a job in SEZ after the training.

## တတိယ အကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်မှု ထောက်ပံ့ခြင်း အစီအစဉ် (၂၀၁၅ အောက်တိုဘာ ၇ရက်)





တတိယ အကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်မှု ထောက်ပံ့ခြင်း အစီအစဉ်ကို ၂၀၁၅ အောက်တိုဘာ ၇ရက်နေ့က ပြုလုပ်ခဲ့ပါသည်။ ပြောင်းရွှေ့ခံလူထု၏ လူနေမှု အဆင့်အတန်း တိုးတက်စေရန် နှင့် ကြွေးမြီတင်ခြင်းများကို လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ထောက်ပံ့ ကူညီခြင်းဖြစ်ပါသည်။ SWSP အစီအစဉ်ကို NGOs, လူထုကိုယ်စားလှယ်များ၊ ယုံကြည် လေးစားရသည့် ဘုန်းကြီး ကဲ့သို့သော ဘာသာရေး ခေါင်းဆောင်များ တို့၏ ပူးပေါင်းပါဝင် အကြံဉာဏ်ပေးမှုအရ စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

## Providing Social Warfare Support Program (3rd Payment on October 7th)



The third payment for Social Warfare Support Program provided for the relocated people in relocation site on Oct 7th 2015. The objective is to improve the standard of living after resettlement at the Relocation Site, to reduce debt and restore incomes/livelihoods. The SWSP concept has been discussed and designed based on the input of NGOs, civil society representatives and local trusted persons including religious leaders.

## ကျေးရွာအခြေပြု ဖွံ့ဖြိုးရေး စင်တာ အတွက် လူထုနှင့် ညှိနှိုင်းဆွေးနွေးခြင်း



Nippon Koei မှ ဗိသုကာ အဆောက်အဦး ဒီဇိုင်းပညာရှင် နှင့် ကျေးရွာလူထု တို့၏ ကျေးရွာအခြေပြု ဖွံ့ဖြိုးရေး စင်တာ ဆောက်လုပ်ရန် ဒီဇိုင်း အကြောင်းကို အောက်တိုဘာ ၂၃ ရက်နေ့ က ဆွေးနွေးခဲ့ပါသည်။ ရပ်ရွာလူထု၏ ဓလေ့ရိုးရာနှင့် ကိုက်ညီမှုရှိသော အဆောက်အဦး ဖြစ်စေရန် နှင့် လူထု၏ အကြံဉာဏ်ပါဝင်မှု ရှိစေရန် ရည်ရွယ်ချက်ဖြင့် ယှင်းတွေဆုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။ လူထုအတွင်းမှ ကိုယ်စားလှယ်များ ၁ဝ ဦးခန့် တက်ရောက်ခဲ့ပြီး အကြံဉာဏ်များပေးခဲ့ပါသည်။

## Working Level အစည်းအဝေး သီလဝါအထူးစီးပွားရေးဇုန် IRP ရုံးခန်း ၂ဝ၁၅ ခုနစ် အောက်တိုဘာလ ၅ရက်



Working level အစည်းအဝေးကို သီလဝါအထူးစီးပွားရေးဇုန် IRP ရုံးခန်း၌ ၂ဝ၁၅ အောက်တိုဘာလတွင် ကျင်းပခဲ့ပါသည်။ TSEZM၊ MJTD၊ TSDG၊ ERI၊ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူ ကိုယ်စားလှယ် အချို့နှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများမှ စုစုပေါင်း အယောက်၂ဝ ခန့် တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ ပြဿနာ ဖြေရှင်းရေးယန္တရား အကြောင်းကို အသေးစိတ်ဆွေးနွေးရန် နှင့် SEZမှ ကုမ္ပဏီများနှင့် လူထုအကြား ယှင်းယန္တရားကို ပိုမိုထိရောက်စွာ လည်ပတ်နိုင်ပြီး နှစ်ဦးနှစ်ဖက် နားလည်မှုရရှိစေရန် ဖြစ်ပါသည်။

## Discussion on Community Center Design with PAPs on 23th October



The architect from Nippon Koei came and discussed with the community people about the design for Community Center in relocation site on October 23 2015. The objective is to discuss with the community people in a participatory way to draw the design and to be able to construct the Community Center in line with the customary and traditional of Project Affected People. Around 10 participants attended and gave some suggestion for their community center design.

## Working Level Meeting in IRP office in Thilawa on 5th October 2015



Working level meeting was held in IRP office in Thilawa on 5th October 2015. TSEZMC, MJTD, TSDG, ERI, the representatives of Project Affected People and related stakeholders about 20 people participated. The objective of this meeting is to discuss in more detail the communities' proposals for grievance mechanism design, and reach a common understanding between communities and company/SEZ of how effective grievance mechanisms can work.